
ရွန်းရမ်းမိုး

# အခန်း (၁)

"နတ်သျှင်နောင်"ယောက်ျားလေးဆောင်။ ခြံဝင်းကျယ်ကျယ်နဲ့ ။ ရေကူးကန်နဲ့ တင်းနစ်ကွင်းပါ ရှိသေးသည် ။ အဆောင်ဆိုပေမယ့် နေရုံသက်သက်မဟုတ်။ ထမင်းပါ စရိတ်ပေးပြီး စားလို့ ရသည် ။ မစားချင်လည်း ရသည် ။ ဧည့်ခန်းကျယ်ကြီး တစ်ခုပါရှိပြီး လက်မလေးဆယ် LCD TV ကြီးနှင့် ရုပ်သံလိုင်းပေါင်းစုံက ဘောလုံးပွဲကြည့်ဖို့ စီစဉ်ပေးထားသည် ။

ဝန်ဆောင်မှု အပြည့်အစုံနဲ့ ပါ။ ဒါပေမဲ့ အဆောင်တွင်း အရက်သောက်ခွင့်မရှိ။ အပြင်က သောက်လာရင်လည်း မသိမသာ သောက်လာရင်တော့ ရသည် ။ သိသိသာသာသောက်လာရင်တော့ လက်မခံ။ အဆောင်ထဲဝင်ခွင့် မပေးတော့။

စားရေးသောက်ရေးကို အမျိုးသားစာဖိုမှူးတွေနဲ့ စီစဉ်ပေးသည် ။

အဝတ်တွေမလျှော်ချင်ရင်လည်း သန့်ရှင်းရေး ကောင်လေးတွေကို လျှော်ခိုင်းလို့ ရသည် ။ မီးပူပါတိုက်ပေး၏။ ပိုက်ဆံတော့ပေးရတာပေါ့။

အဆောင်ခန်းတွေက နှစ်ယောက်ခန်းရှိသလို သုံးယောက်ခန်းလည်း ရှိသည် ။ သန့်ရှင်းရေး လုပ်စရာမလို။ အဆောင်သန့်ရှင်းရေးကောင်လေးတွေက မနက်တိုင်း သန့်ရှင်းရေးလာလုပ်ပေးသည် ။ လျှပ်စစ်မီးက နှစ်ဆယ့်လေးနာရီ အပြည့်ရသည် ။

ဟိုတယ်နီပါး ဝန်ဆောင်မှုပေးထားတာမို့ ဈေးလည်း ကြီးပါသည် ။ ပိုက်ဆံတတ်နိုင်သူတွေသာ လာနေနိုင်သည် ။ ဒါပေမဲ့ ဟိုတယ်လောက် ဈေးမကြီးသလို တစ်ယောက်တည်း အခန်းငှားနေရတာထက်စာရင် သက်သာကာ ဝန်ဆောင်မှုအပြည့်နေရတာမို့ တစ်ကိုယ်ရေတစ်ကာယနဲ့ ပိုက်ဆံတတ်နိုင်သူတွေသာ လာနေကြတာ များ ပါသည် ။

ထို့ကြောင့် အဆောင်တွင်း ပစ္စည်းပျောက်တာတို့ ပြဿနာဖြစ်တာတို့ တွေလည်း မရှိဘဲ လူသန့်သောအဆောင်အဖြစ် သတင်းကြီးပါ၏။

ပိုက်ဆံတတ်နိုင်သော နယ်ကျောင်းသားတွေ၊ နယ်က လာပြီး အလုပ်လုပ်နေသော အလုပ်အကိုင်ကောင်း ယောက်ျားတွေ၊ တချို့ကျတော့လည်း ကိုယ့်အိမ်တွေ၊ အခန်းတွေငှားစားပြီး နတ်သျှင်နောင်မှာ လာနေတာလည်း ရှိပါသည် ။

သေချာတာတော့ နတ်သျှင်နောင်မှာ လာနေတဲ့ သူတွေဟာ တစ်ကိုယ်ရေတစ်ကာယသမား လူလွတ်တွေချည်းပါပဲ။ လူလွတ်တာပါ။ လူပျိုလို့ မပြောပါ။ တချို့က လူပျို၊ တချို့က တစ်ခုလပ်တို့ ၊ မုဆိုးဖိုတို့ လည်း ပါပါသည် ။ သို့သော် ထိုတစ်ခုလပ်တွေ မုဆိုးဖိုတွေဆိုလည်း သားသမီး မရှိသော လွတ်လပ်သူတွေပါ။

ထို့ကြောင့်လည်း နတ်သျှင်နောင်အဆောင်က နာမည်ကြီးပါသည် ။ ကားပါကင်ကို တသီးတသန့် လုပ်ပေးထားရသေးသည် ။ နတ်သျှင်နောင်မှာ နေတဲ့ သူတိုင်း ကားကိုယ်စီရှိကြ၏။

အဓိကကတော့ ဝန်ဆောင်မှုကောင်းကောင်း နဲ့ အေးအေးဆေးဆေး နေရလို့ လာနေကြတာရှိသလို၊ နတ်သျှင်နောင်ပိုင်ရှင်ရဲ့ သမီးလေး ရွှေရတုကို ပိုးပန်းပြီး လာနေကြတာလည်း ပါပါသည် ။

နတ်သျှင်နောင်အဆောင်နဲ့ ကပ်ရပ်မှာ ပိုင်ရှင်နေပါသည် ။ နေတယ်

ဆိုပေမယ့် ခြံဝင်းသီးသန့်စီပါ။ အဆောင်ကလူတွေ ကူးလူးဆက်ဆံခွင့်မရှိ။

အဆောင်မှာ မန်နေဂျာရှိ၏။ ကိစ္စရှိရင် မန်နေဂျာနဲ့ ပဲပြော။ ပြီးတော့ အဆောင်မှာ သောင်းကျန်းလို့ မရ။ အားကောင်းမောင်းသန် လုံခြုံရေး ငါးယောက်တိတိရှိသည် ။

ဝန်ဆောင်မှုကလည်း ကောင်း၊ ရွှေရတုဆိုသော ပန်းကလေးဆိုလည်း မချူသာပေမယ့် အဝေးကြည့်လေး ကြည့်လို့ ရတာမို့ နတ်သျှင်နောင်အဆောင်မှာ အမြဲလူပြည့်နေပါ၏။

နတ်သျှင်နောင် ပိုင်ရှင်ကလည်း စီးပွားရေးအကွက် မြင်ပါသည် ။ အဆောင်ထဲမှာ အားကစားခန်းမပါ ထည့်သွင်းပေးထားသည် ။ ကြေးပေးပြီး ကစားလို့ ရသည် ။

အားလုံးအဆင်ပြေကာ စိတ်ချမ်းသာရတာမို့ ပေးရတာ တန်ပါသည် ။

အတန်ဆုံးက ဝင်းမွတ်အိစက်လှသော ရွှေရတုလေးကို မြင်ခွင့်ရတာပါပဲ။ ရွှေရတုဟာ အဖေလို အရပ်မြင့်ပြီး အမေလို ရုပ်ကချောသည် ။ ပြီးတော့ ရွှေရတုအမေက အသားညိုသော်လည်း ဖအေဘက်လိုက်ကာ ဖြူနုနေသည် ။ ဖြူနုတာထက် ဝင်းနှစ်နေတာဆို ပိုမှန်မည်။ ရွှေရတုဖခင်က အရမ်းကိုအသားဖြူတာ။ ရွှေရတုအမေက ခပ်ညိုညို။ ဒါပေမဲ့ ရွှေရတုကျတော့ မိဘတွေရဲ့ အသားရောင်ကို Mix လုပ်ထားသလို ဖြူဆွတ်နေတာ မဟုတ်ဘဲ ဝါဝင်းနှစ်နေတာ။ ထိုအသားအရေကို ထပ်ပြီးလှစေတာက ရွှေရောင် မွေးညင်းလေးတွေပါ။ ရွှေရတုရဲ့ ဆံပင်က နဂိုအရောင်ကိုက နက်မှောင်မနေဘဲ ညိုဖျော့ဖျော့ရယ်ပါ။ လက်ပေါ်ကမွေးညင်းတွေဆို ရွှေရောင်ပြေးနေပါသည် ။

ရွှေရတုဆိုတဲ့ နာမည်နဲ့ လိုက်အောင် ရွှေရောင်ယမင်းရုပ်ကလေးနှ ယ်ပါ။ နှုတ်ခမ်းလေးတွေက နုထွေးဖူးထွက်နေကာ မျက်လုံးကတော့ ရှ ည်မျောမျောလေးနဲ့ မျက်တောင်က စိုက်စင်းစင်းနဲ့ ။ ဒါပေမဲ့ အဲဒီမျက် လုံးစင်းစင်းလေးကကို တစ်မျိုးလေးလှနေပါသည် ။

ဒူးတိဂါဝန်တိုလေးတွေ အမြဲဝတ်တတ်တာမို့ ခြေသလုံးအလှကို မြင် ရသလို လက်မောင်းလေးတွေကလည်း ဆင်နှာမောင်းလေးလို အချိုးတ ကျ လှမှ လှ။ လက်ချောင်းလေးတွေကလည်း ဖော့ဖယောင်းလို သွယ်သွ ယ်လုံးလုံး ရှည်ရှည်လေးတွေ။ ခြေဖမိုး၊ လက်ဖမိုးလေးတွေက ဖောင်း ဖောင်းပြည့်ပြည့်လေး။ နှာတံလေးက သေးသွယ်ချွန်စင်းကာ မျက်ခုံးက စင်ရော်တောင်။

မျက်နှာအကျလှသလို ကကြီးပုံ နဖူးလေးကလည်း မကျဉ်းမကျယ်နဲ့ ။

ဘာမှ ပြောစရာမရှိအောင် တစ်နေကုန် ထိုင်ငေးကြည့်ရလောက် အောင် လှပတဲ့ ရွှေရတုကြောင့် နတ်သျှင်နောင် အဆောင်က ပိုပြီးနာမ ည်ကြီးတာပါ။

* * *